# အဆောက်အဦနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လက်လှမ်းမီအသုံးပြုနိုင်မှု ဆန်းစစ်ခြင်း (လမ်းညွှန်ချက်)

## ဆန်းစစ်ရခြင်း၏ ရည်ရွယ်ချက်

- ကမ္ဘာသုံးပုံစံ(Universal Design) ၏ အခြေခံမူများကို နားလည်စေရန်။
- အဆောက်အဦများ၏ အခြေခံကျသော တည်ဆောက်ထားရှိမှုများကို လူတိုင်းလက်လှမ်းမီ အသုံးပြုနိုင်စေရန် မြှင့်တင်ရာတွင် ကမ္ဘာသုံးပုံစံကိုလက်တွေ့ကျင့်သုံးလာစေရန်။
- အခြေခံအဆောက်အဦများကို လူတိုင်းလက်လှမ်းမီ အသုံးပြုနိုင်မှုကို မြှင့်တင်ရာတွင် လိုအပ်သော အဓိကအချက်များကို နားလည်သဘောပေါက်စေရန်။




## လက်လှမ်းမီ အသုံးပြုနိုင်မှု ဆိုသည်မှာ...

- မြို့ပြတွင်ဖြစ်စေ၊ ကျေးလက်တွင်ဖြစ်စေ အများပြည်သူအတွက် ဖွင့်လှစ်ထားသော (သို့မဟုတ်) ပံ့ပိုး ပေးထားသော ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက် ၊ ဆက်သွယ်ရေး နည်းပညာနှင့် စနစ်များအပါအဝင် အခြားသော အဆောက်အဦနှင့် ဝန်ဆောင်မှုများအားလုံးကို မသန်စွမ်းသူများ အနေဖြင့် အခြားသူများနှင့် တန်းတူညီမျှ အသုံးပြုနိုင်ခြင်းကို ဆိုလိုသည်။ (ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် - CRPD, အပိုဒ် ၉)




## အထူးပြု ဆောင်ရွက်ရန် ကဏ္ဍရပ်များ

(မသန်စွမ်းသူများ အပါအဝင် လက်လှမ်းမီ အသုံးပြုနိုင်စေရန် အရေးကြီးသော အချက်များ)

- တန်းတူညီမျှ ပါဝင်ဆောင်ရွက်နိုင်ခြင်း
- ဥပဒေ နှင့် ကျင့်ဝတ် ဆိုင်ရာများကို လိုက်နာစေခြင်း
- လူမှုဘဝ အရည်အသွေး ပိုမိုကောင်းမွန်လာခြင်း
- လူမှုအသိုက်အဝန်းတွင် ပါဝင်နိုင်ခြင်း
- စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လာခြင်း
- သဘာဝဘေးအန္တရာယ် နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်တုံ့ပြန်ခြင်း
- ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခြင်း

## အဘယ့်ကြောင့် အရေးကြီးတာလဲ...

- ကမ္ဘာတစ်ဝန်းရှိ အများပြည်သူသုံး အဆောက်အဦများ၊ နေရာများ၊ လမ်းများ၊ နေအိမ်များ အပါအဝင်ကျန်းမာရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေး၊ အရေးပေါ်သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေး၊ သတင်းအချက်နှင့် ပြန်ကြားရေး စသည့် ကဏ္ဍရပ်များတွင် လူတိုင်း လက်လှမ်းမီ အသုံးပြုနိုင်ရန် လိုအပ်ချက်များစွာ ရှိနေဆဲဖြစ်သည်။
- မသန်စွမ်းသူများအနေဖြင့် အမှီအခိုကင်းစွာ ရပ်တည်နိုင်ရန်နှင့် လူမှုဘဝကဏ္ဍပေါင်းစုံတွင် အပြည့်အဝပါဝင်ဆောင်ရွက်ခွင့် ရရှိစေရန် အရေးကြီးကိစ္စရပ်အဖြစ် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တွင် ပြဌာန်းထားသည်။ (အပိုဒ် ၉၊ ၁၉၊ ၂၀ နှင့် ၂၁)

Developed and Produced by Humanity & Inclusion

# အဓိကကျသော သတင်းအချက်အလက်

## ကဏ္ဍရပ်တိုင်း လက်လှမ်းမီစေရန်



အဆောက်အဦ ပတ်ဝန်းကျင် မြေပြင်နေရာများမှသည် အခန်းများ၊ အသုံးအဆောင် ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များ အားလုံးကို လက်လှမ်းမီ ရယူအသုံးပြုနိုင်မှု ရှိစေရမည်။

## လူတိုင်း လက်လှမ်းမီစေရန်



မသန်စွမ်းမှု အခြေအနေ၊ အသက်အရွယ်နှင့် ကျား/မ ကွဲပြားမှုတို့အပေါ် မူမတည်ဘဲ (ဥပမာ - ကိုယ်အင်္ဂါ၊ အမြင်၊ အကြား၊ ဉာဏ်ရည် မသန်စွမ်းသူများ၊ ကလေး၊ လူကြီး ၊ အမျိုးသားနှင့် အမျိုးသမီး အားလုံး) လူတိုင်း လက်လှမ်းမီနိုင်မှု ရှိရမည်။

# နားလည်ထားရမည့် သဘောတရားများ

## ကမ္ဘာသုံးပုံစံ (Universal Design)



ပြုပြင်ရန်မလိုအပ်ဘဲ လူတိုင်း အသုံးပြုနိုင်မည့် ပုံစံပြုလုပ်ထားခြင်း။

## လက်လှမ်းမီ ရယူသုံးစွဲနိုင်မှု (Accessibility)



အများပြည်သူ ဝန်ဆောင်မှု (သို့မဟုတ်) အဆောက်အဦ အတွင်းသို့ အလွယ်တကူ ဝင်ထွက်သွားလာ ရောက်ရှိနိုင်ခြင်း၊ လှည့်လည် သွားလာ၊ အသုံးပြုနိုင်ရန် စီမံထားခြင်း။

## သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်း/ စီစဉ်ပေးမှု (Accommodation)



လူတစ်ဦးချင်း၏ လိုအပ်ချက်အလိုက် ပြင်ဆင်ဆောင်ရွက်ပေးထားခြင်း။

### လူတိုင်းအတွက် အရေးကြီးသော အချက်အလက်များ

အလွယ်တကူ လက်လှမ်းမီအောင် စီမံဆောင်ရွက်ခြင်းသည် မသန်စွမ်းသူများအတွက်သာမက ကလေးသူငယ်၊ အသက်အရွယ်ကြီးရင့်သူ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် လူတိုင်းအတွက်ပါ အကျိုးဖြစ်ထွန်းစေပါသည်။




Developed and Produced by Humanity & Inclusion